# ကရင်လူငယ်အစည်းအရုံး
# ဖွဲ့စည်းပုံအခြေခံဥပဒေ

# **Constitution of**

# (Karen Youth Organization)

(၂၀၀၅) ခုနှစ် မေလ(၁၉)ရက်နေ့ နံနက်(၁၀း၁၅)နာရီအချိန်တွင်
တတိယအကြိမ်မြောက်ကရင်လူငယ်အစည်းအရုံးကွန်ကရက်မှ
အတည်ပြုသည်။

## နိဒါန်း

ကရင်လူငယ်အစည်းအရုံးသည် ကရင်လူငယ်များ၏ ဘဝတိုးတက်ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ မိမိအမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရေးအတွက်လည်းကောင်း၊ ကရင်လူငယ်များ၏ အနာဂတ်ဘဝ ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေးအတွက်လည်းကောင်း၊ မှန်ကန်သော မျိုးချစ်စိတ်ဓါတ်ထက်သန်သည့် လူငယ်များပေါ်ထွန်းလာရေးတို့ကိုလည်းကောင်း ရှေ့ရှု၍ ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပေသည်။

## အခန်း (၁)
## ကရင်လူငယ်အစည်းအရုံး

### အပိုဒ် (၁) အစည်းအရုံး၏အမည်

အစည်းအရုံး၏အမည်ကို

(က) ကရင်ဘာသာဖြင့် ''*ကညီသးစါကရၢ*''

(ခ) ဗမာဘာသာဖြင့် ''ကရင်လူငယ်အစည်းအရုံး''

(ဂ) အင်္ဂလိပ်ဘာသာဖြင့် "Karen Youth Organization" ဟု ခေါ်တွင်စေရမည်။

### အပိုဒ် (၂) အစည်းအရုံး၏ ဖွဲ့စည်းတည်ရှိသည့်ဒေသ

(က) ဤအစည်းအရုံးသည် ကော်သူးလေပြည်နယ်နှင့် မြန်မာနိုင်ငံပြည်တွင်း၊ ပြည်ပဒေသများတွင် ဖွဲ့စည်းတည်ဆောက်ထားသည်။

(ခ) ဤအစည်းအရုံး၏ ဗဟိုဌာနချုပ်သည် ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဗဟိုဌာန ချုပ်ရှိရာဒေသတွင် တည်ရှိရမည်။

### အပိုဒ် (၃) အစည်းအရုံး၏အလံတော်

ကရင်လူငယ်အစည်းအရုံး၏ အလံတော်သည် အောက်ပါအတိုင်းဖြစ်သည်။



(က) ဗဟိုကရင်လူငယ်အစည်းအရုံး အလံတော်၏ အလျားသည် (၇)ပေ၊ အနံ(၄)ပေ ဖြစ်သည်။

(ခ) ခရိုင်၊ မြို့နယ်ကရင်လူငယ်အစည်းအရုံး အလံတော်၏ အလျားသည် (၅)ပေ၊ အနံ (၃)ပေ ဖြစ်သည်။

**ကရင်လူငယ်အစည်းအရုံးအလံတော်၏တည်ဆောက်ပုံ**

(က)အလံတော်တွင်အရောင်(၄)မျိုးပါရှိသည်၊၄င်းတို့မှာ–(၁)အနီရောင် (၂)အဖြူရောင် (၃)အစိမ်းရောင် နှင့် (၄)မိုးပြာရောင်တို့ဖြစ်သည်။

(ခ)အလံတော်၏လက်ယာဘက်သုံးချိုးနှစ်ချိုးတွင်ရှိသော(၁)အနီရောင်(၂)အဖြူရောင်(၃)အစိမ်းရောင်တို့သည်အလျားလိုက် အချိုးညီစွာ ရှိသည်။

(ဂ)အလံတော်၏လက်ဝဲဘက်အလျားလိုက်သုံးချိုး၏အောက်ပိုင်းတဝက်သည်၊အစိမ်းရောင်ဖြစ်သည်။ အပေါ်ပိုင်းတွင်နေခြည်(၉)သွယ်ပါရှိသည့်တက်သစ်စနေဝန်းရှိသည်။တက်သစ်စနေဝန်းပေါ်၌ ဖားစည်(*ကိၢ်ၣ်*)၊ဆင်စွယ်ပဒိုး(*ကွဲၤ*) ၂ ခုနှင့်ကြယ်ဖြူတပွင့်ပါရှိသည်။

(ဃ)တက်သစ်စနေဝန်းအချင်းဝက်သည်(၆)လက်မဖြစ်သည်။

(င)ဖားစည်(*ကိၢ်ၣ်*)၏ခါးလည်အမြင့်သည်(၈)လက်မဖြစ်သည်။

**အမှတ်အသားများတည်ရှိပုံ**

(က)အနီရောင်နေခြည်ကိုးသွယ်သည်၊တခုနှင့်တခုအချိုးညီစွာဖြာထွက်လျက်ရှိသည်။

(ခ)အနီရောင်နေခြည်ကိုးသွယ်၏အလယ်တည့်တည့်တွင်ဖားစည်(*ကိၢ်ၣ်*)တည်ရှိသည်၊ဆင်စွယ်ပဒိုး(*ကွဲၤ*)၏အပေါ်တွင်ကြယ်ဖြူတပွင့် ပါရှိပြီး ၄င်းတို့အား ဆင်စွယ်ပဒိုး(*ကွဲၤ*)နှစ်ခုကဒေါင်လိုက်ခြံရံထားသည်။

**အလံတော်အရောင်အမျိုးအစား၏အဓိပ္ပါယ်ဖွင့်ဆိုချက်**

(က)အနီရောင်သည်ရဲရင့်ခြင်း၊ (ခ)အဖြူရောင်သည်သန့်ရှင်းစင်ကြယ်ခြင်း၊ (ဂ)အစိမ်းရောင်သည်စိမ်းလန်းစိုပြေခြင်း၊နုပျိုခြင်း၊ တက်ကြွခြင်း၊ ပစ္စည်းဥစ္စာခနေဖူလုံခြင်း နှင့် (ဃ)မိုးပြာရောင်သည် စည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း ဟူသောအဓိပ္ပါယ်ကိုဆောင်သည်။

**ပါဝင်သောအမှတ်အသားများ၏အရောင်နှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်**

(က)ဆင်စွယ်ပဒိုးအဖြူရောင် (*ကွဲၤ*)နှင့်ရွှေဝါရောင် ဖားစည်(*ကိၢ်ၣ်*)သည်၊ကရင်အမျိုးသားယဉ်ကျေးမှု၏အမှတ်လက္ခဏာဖြစ်သည်၊

(ခ)အဖြူရောင်ကြယ်တပွင့်မှာထွန်းလင်းတောက်ပသည့်ကရင်လူငယ်ထုတရပ်လုံးကိုကိုယ်စားပြုသည်။

(ဂ)တက်သစ်စနေဝန်းနှင့်အနီရောင်နေခြည်ကိုးသွယ်သည်၊ကရင်တမျိုးသားလုံး၏ထွန်းလင်းတောက်ပသည့်အနာဂါတ်ကိုဖေါ်ဆောင်သည်။

<u>**အပိုဒ် (၄) အစည်းအရုံး၏ အမှတ်တံဆိပ် ( Logo )**</u>

**ကရင်လူငယ်အစည်းအရုံး၏အဓိပ္ပါယ်ဖွင့်ဆိုချက်။**

(၁)ကြယ်တပွင့်။ ။ယဉ်ကျေးမှု၊သိမ်မွေ့ မှု၊ထွန်းလင်းတောက်ပမှု၊အပြည့်အဝရှိသောအနာဂါတ်အတွက်မျိုးဆက်သစ်ကြယ်တပွင့်။

(၂)စပါးနှံ။ ။စိုက်ပျိုးရေးကိုအခြေခံသောစီးပွားရေးလုပ်ငန်းမှတဆင့်အခြားဖွံ့ဖြိုးသောစက်မှုလက်မှုလုပ်ငန်းများတွင်ပူးပေါင်းပါဝင်မှုရှိလာစေရန်။

(၃)ခရမ်းရောင်နောက်ခံ။ ။ရည်မှန်းချက်ပန်းတိုင်မရောက်ခင်စပ်ကြားကာလ၊ဉာဏ်ပညာအမြော်အမြင်အပါအဝင်လိုအင်များစွာကိုထပ်မံဖြည့်ဆည်းသွားရန်လိုအပ်သေးကြောင်းသရုပ်ဖေါ်သောအရောင်ဖြစ်သည်။

## <u>အပိုဒ်(၅) အစည်းအရုံး၏တံဆိပ်တုံး</u>

ကရင်လူငယ် အစည်းအရုံး၏ တံဆိပ်တုံးသည် အောက်ပါအတိုင်းဖြစ်သည်။

(က) အဝိုင်းပုံ

(ခ) အချင်းသည် (၂) လက်မ ဖြစ်သည်။

(ဂ) ဖားစည်၏ မျက်နှာပြင်ကို တဖက်တချက်မှ ဆင်စွယ်ပဒိုး နှစ်ခုဖြင့်ခေါင်လိုက်ကာရံထားသည်။

(ဃ) ဖားစည်၏အပေါ် ဆင်စွယ်ပဒိုး နှစ်ခု၏ အလယ်တည့်တည့်တွင် ကြယ်ဖြူတလုံးရှိသည်၊

(င) ကြယ်၏အပေါ်နှင့်ဆင်စွယ်ပဒိုးနှစ်ခု၏ဘေးတွင် (ပဃုပပို၊ ပယံးပရီး၊ ပိုဃူ့ပိုဃုင် )ဟူသည့်စာသားများရေးထားသည်။

(စ)တံဆိပ်တုံး၏အပေါ်ဖက်တွင် ကရင်ဘာသာဖြင့် ***"ကညီသးစၢ်ကရၢ "*** အောက်ဖက်တွင် အင်္ဂလိပ်ဘာသာဖြင့် Karen Youth Organization ဟုရေးသားထားသည်။

# အခန်း (၂)
# အစည်းအရုံး၏ အခြေခံမူများ

## အပိုဒ် (၆)အစည်းအရုံး၏ ရည်ရွယ်ချက်

(က) အမျိုးသားဒီမိုကရေစီ တော်လှန်ရေးအတွက် မျိုးချစ်လူငယ်ခေါင်းဆောင်များကို မွေးထုတ်ပေးရန်။

(ခ) ကရင်လူငယ်ထုအတွင်း ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်လုပ်ဆောင်ရန်။

(ဂ)မိမိအမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းဖော်ထုတ် စောင့်ရှောက်ရန်။

(ဃ) လူငယ်ဘဝ တိုးတက်မြင့်မားရေးအတွက် ကာယ၊ ဉာဏ၊ စာရိတ္တပိုင်းဆိုင်ရာ ပညာပေးပြုစုပျိုးထောင်ရန်။

(င)မိခင်ကရင်အမျိုးသားအစည်းအရုံး၏ ချမှတ်ထားသော လမ်းညွှန်မှု၊ မူ၊ လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ရာတွင် တတတ်တအား တက်ကြွစွာ ကူညီဆောင်ရွက်ရန် တို့ဖြစ်သည်။

## အပိုဒ် (၇) အစည်းအရုံးဝင်များ၏ ခံယူချက်

အစည်းအရုံးဝင် လူငယ်များသည် ကရင်လူငယ်အစည်းအရုံး၏ လုပ်ငန်းလမ်းစဉ် များကိုလည်းကောင်း၊စည်းမျဉ်းစည်းကမ်းများကို လည်းကောင်း၊ အစည်းအရုံးမှပေးအပ်လာသော တာဝန်များကိုလည်းကောင်း ခိုင်ခိုင်မာမာ လေး လေးစားစား လိုက်နာ ဆောင်ရွက်သွားမည်။

## အပိုဒ်(၈) အစည်းအရုံး ၏သစ္စာအဓိဌာန်

ကျနော်/မ သည်

(က)ကရင်လူမျိုးအပေါ်ဖိနှိပ်ချုပ်ချယ်သည့်မဟာလူမျိုးကြီးဝါဒီ အာဏာရှင်စစ်အစိုးရအားပြတ်ပြတ်သားသားဆန့်ကျင်တော်လှန်မည်။

(ခ)မိမိ၏လူမျိုး၊မိမိ၏တော်လှန်ရေး၊မိမိ၏ခေါင်းဆောင်အပေါ်အသက်ထက်ဆုံးသစ္စာရှိပါသည်။

(ဂ)ကရင့်တော်လှန်ရေးအောင်ပွဲခံသည်အထိ သတ္တိရှိစွာ၊ဇွဲရှိစွာဖြင့်ကိုယ်ကျိုးစွန့်၍လုပ်ဆောင်ပါမည်။

# အခန်း (၃)
# အစည်းအရုံးဝင်များ

## အပိုဒ် (၉) အစည်းအရုံးဝင်ခြင်း

(က)ကရင်လူငယ်အစည်းအရုံးသို့ ဝင်လိုသူတဦးသည် မိမိနှင့် နီးစပ်ရာကျေးရွာ/မြို့နယ်/ခရိုင်/ဗဟို အစည်းအရုံးသို့အဖွဲ့ဝင်အဖြစ် ဝင်လိုကြောင်း လျှောက်ထားရမည်။

(ခ) ကော်သူးလေနယ်မြေနှင့် မြန်မာနိုင်ငံ ပြည်တွင်းပြည်ပရှိ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျားမ မရွေး၊ ကရင်လူငယ်အစည်းအရုံး၏ ရည်ရွယ်ချက်၊ စည်းမျဉ်းစည်းကမ်းများကို ခံယူလိုက်နာနိုင်လျှင် အစည်းအရုံးဝင်ဖြစ်နိုင်သည်။

(ဂ) အသက် (၁၅) နှစ်မှအသက် (၃၅) နှစ်အထိ အမျိုးသမီး၊ အမျိုးသားလူငယ်များသည်အသင်းသားဖြစ်နိုင်သည်။

## အပိုဒ် (၁၀) အစည်းအရုံးဝင်ဖြစ်ခြင်း

ကရင်လူငယ်အစည်းအရုံးဝင်လျှောက်ထားလိုသူတစ်ဦးကို အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက်၊ ၎င်းလျှောက်ထားသော သက်ဆိုင်ရာအစည်းအရုံး၏ အလုပ်အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုနိုင်သည်။

## အပိုဒ် (၁၁) အစည်းအရုံးဝင်ကြေး

(က) အစည်းအရုံးဝင်တစ်ဦးအတွက် ဝင်ကြေးငွေ (၁၀၀)ကျပ် သို့မဟုတ် ထိုင်းဘတ်ငွေ (၄) ဘတ်ဖြစ်သည်။

(ခ) အစည်းအရုံးတစ်ဦးအတွက် နှစ်စဉ်ကြေးမြန်မာကျပ် (၅၀)ကျပ် သို့မဟုတ် ထိုင်းဘတ်ငွေ(၂) ဘတ်ဖြစ်သည်။

## အခန်း (၄)
## ဖွဲ့စည်းတည်ဆောက်ပုံ

### အပိုဒ် (၁၂) ကရင်လူငယ်အစည်းအရုံး ဖွဲ့စည်းတည်ဆောက်ပုံ

ကရင်လူငယ်အစည်းအရုံးကိုအောက်ပါအတိုင်းအဆင့်ဆင့်ဖွဲ့စည်းထားသည်
(က)ကျေးရွာကရင်လူငယ်အစည်းအရုံး
(ခ)မြို့နယ်ကရင်လူငယ်အစည်းအရုံး
(ဂ)ခရိုင်ကရင်လူငယ်အစည်းအရုံး
(ဃ)ဗဟိုကရင်လူငယ်အစည်းအရုံး စသည်တို့ဖြစ်သည်။

ကရင်လူငယ်အစည်းအရုံးကို ကျေးရွာ/မြို့နယ်/ခရိုင်/ဗဟို အဆင့်ဆင့်စသည်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ဗဟို၊ ခရိုင် အဆင့် အလုပ်အမှုဆောင်အဖွဲ့တွင် အနည်းဆုံးအမျိုးသမီးဦးရေ (၃) ဦးပါဝင်ဖွဲ့စည်းရမည်။ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့တွင် အနည်းဆုံး အမျိုးသမီး (၂) ဦးပါဝင်ဖွဲ့စည်းရမည်။ ကျေးရွာအလုပ်အမှုဆောင်အဖွဲ့တွင် အနည်းဆုံးအမျိုးသမီး (၁) ဦးပါဝင်ဖွဲ့စည်းရမည်။ လူငယ်အစည်းအရုံးအတွက် အကြံပေးအဖွဲ့ထားရှိမည်ဖြစ်သည်။ အကြံပေးအဖွဲ့အား (ဗဟို)ဆင့်တွင် (၃) ဦးဖြင့်လည်းကောင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်တွင် (၂) ဦးစီဖြင့်လည်းကောင်းဖွဲ့စည်းထားသည်။

### အပိုဒ် (၁၃)ကျေးရွာအဆင့် ကရင်လူငယ်အစည်းအရုံးဖွဲ့စည်းပုံ

ကျေးရွာအဆင့် ကရင်လူငယ်အစည်းအရုံးကို အောက်ပါကော်မတီဝင်များပါဝင်သည့် အလုပ်အမှုဆောင် ကော်မတီဖြင့် ဖွဲ့စည်းထားသည်။

| | |
|---|---|
| (၁) ဥက္ကဋ္ဌ | (၁)ဦး |
| (၂) အတွင်းရေးမှူး | (၁)ဦး |
| (၃) စည်းရုံးရေးတာဝန်ခံ | (၁)ဦး |
| (၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံ | (၁)ဦး |
| (၅) လူမှုရေးတာဝန်ခံ (ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့်ကာယ) | (၁)ဦး |

စုစုပေါင်း (၅)ဦးဖြစ်သ်ည်။

### အပိုဒ် (၁၄) မြို့နယ်အဆင့်ကရင်လူငယ်အစည်းအရုံးဖွဲ့ပုံ

မြို့နယ်ကရင်လူငယ်အစည်းအရုံးကို အောက်ပါကော်မီတီဝင်များပါဝင်သည့် အလုပ်အမှုဆောင်ကော်မီတီဖြင့် ဖွဲ့စည်းထားသည်။

| | |
|---|---|
| (၁) ဥက္ကဋ္ဌ | (၁)ဦး |
| (၂) အတွင်းရေးမှူး | (၁)ဦး |
| (၃) စည်းရုံးရေးနှင့်ပြန်ကြားရေးတာဝန်ခံ | (၁)ဦး |
| (၄) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံ | (၁)ဦး |
| (၅) လူမှုရေးတာဝန်ခံ (ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့်ကာယ) | (၁)ဦး |
| (၆) ဘဏ္ဍာရေးမှူး | (၁)ဦး |
| (၇) စာရင်းစစ် | (၁)ဦး |

စုစုပေါင်း (၇)ဦးဖြစ်သည်။

## အပိုဒ် (၁၅) ခရိုင်အဆင့် ကရင်လူငယ်အစည်းအရုံးဖွဲ့စည်းပုံ

ခရိုင်အဆင့်ကရင်လူငယ်အစည်းအရုံးကိုအောက်ပါကော်မီတီဝင်များပါသည့်အလုပ်အမှုဆောင်ကော်မီတီဖြင့် ဖွဲ့စည်းထားသည်။

| | |
|---|---|
| (၁) ဥက္ကဋ္ဌ | (၁)ဦး |
| (၂) ဒု ဥက္ကဋ္ဌ | (၁)ဦး |
| (၃) အတွင်းရေးမှူး | (၁)ဦး |
| (၄) တွဲဖက်အတွင်းရေးမှူး | (၁)ဦး |
| (၅) စည်းရုံးရေးနှင့်ပြန်ကြားရေးတာဝန်ခံ | (၁)ဦး |
| (၆) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံ | (၁)ဦး |
| (၇) လူမှုရေးတာဝန်ခံ (ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့်ကာယ) | (၁)ဦး |
| (၈) ဘဏ္ဍာရေးမှူး | (၁)ဦး |
| (၉) စာရင်းစစ် | (၁)ဦး |

စုစုပေါင်း (၉) ဦးဖြစ်သည်။

## အပိုဒ် (၁၆) ဇဟိုအဆင့်ကရင်လူငယ်အစည်းအရုံးဖွဲ့စည်းပုံ

ဇဟိုအဆင့် ကရင်လူငယ်အစည်းအရုံးကို အောက်ပါကော်မီတီဝင်များပါသည့်အလုပ်အမှုဆောင်ကော်မီတီဖြင့် ဖွဲ့စည်းထားသည်။

| | |
|---|---|
| (၁) ဥက္ကဋ္ဌ | (၁) ဦး |
| (၂) ဒု ဥက္ကဋ္ဌ | (၁) ဦး |
| (၃) အတွင်းရေးမှူး | (၁) ဦး |
| (၄) တွဲဖက်အတွင်းရေးမှူး (၁) | (၁) ဦး |
| (၅) တွဲဖက်အတွင်းရေးမှူး (၂) | (၁) ဦး |
| (၆) စည်းရုံးရေးနှင့်ပြန်ကြားရေးတာဝန်ခံ | (၁) ဦး |
| (၇) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောက်ရှောက်ရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံ | (၁) ဦး |
| (၈) လူမှုရေးတာဝန်ခံ (ပညာရေး၊ကျန်းမာရေး၊ ယဉ်ကျေးမှု၊အားကစားနှင့်ကာယ) | (၁) ဦး |
| (၉) မဟာမိတ်ရေးရာ | (၁)ဦး |
| (၁၀)ဘဏ္ဍာရေးမှူး | (၁) ဦး |
| (၁၁)စာရင်းစစ် | (၁) ဦး |

စုစုပေါင်း (၁၁) ဦးဖြစ်သည်။

## အခန်း (၅)
## အစည်းအရုံးဝင်များ၏ တာဝန်၊ ဝတ္တရားများနှင့် အခွင့်အရေးများ

## အပိုဒ် (၁၇) အစည်းအရုံးဝင်များ၏ တာဝန်နှင့်ဝတ္တရားများ

(က)အစည်းအရုံးဝင်များသည် အစည်းအရုံးမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရမည်။
(ခ)အစည်းအရုံးမှပေးအပ်လာသောတာဝန်များကိုကြိုးပမ်းလုပ်ဆောင်ရမည်။
(ဂ)လူငယ်အစည်းအရုံးတိုးတက်အောင်မြင်ရေးအတွက်အတွေးအခေါ်၊အမြော်အမြင်များတိုးတက်မြင့်မားလာအောင်လေ့လာဆည်းပူးရမည်။

## အပိုဒ် (၁၈) အစည်းအရုံးဝင်များ၏ အခွင့်အရေးများ

(က) အစည်းအရုံးဝင်များသည် သက်ဆိုင်ရာဆွေးနွေးပွဲများတွင် လွတ်လပ်စွာ ဆွေးနွေးပိုင်ခွင့်ရှိသည်။
(ခ) သက်ဆိုင်ရာအစည်းအရုံးအတွင်း ရွေးကောက်ပိုင်ခွင့်နှင့် အရွေးခံပိုင်ခွင့်ရှိသည်။
(ဂ) သက်ဆိုင်ရာ အစည်းအရုံးအတွင်း အဆိုတင်သွင်းခွင့်နှင့် မဲပေးပိုင်ခွင့်ရှိသည်။
(ဃ)လူငယ်အစည်းအရုံး၏အားနည်းချက်၊အားသာချက်များကိုသက်ဆိုင်ရာအစည်းအဝေးပွဲများတွင်ဝေဖန်ပြောဆိုအကြံပြု ဆွေးနွေးခွင့် ရှိသည်။
(င) ခိုင်လုံသော အကြောင်းပြချက်ဖြင့် အစည်းအရုံးမှ နုတ်ထွက်ပိုင်ခွင့်ရှိသည်။

## အခန်း (၆)
## အစည်းအရုံး၏ အစည်းအဝေးနှင့် ညီလာခံများ

## အပိုဒ် (၁၉) အလုပ်အမှုဆောင်အစည်းအဝေးများ

အဆင့်ဆင့်သော အလုပ်အမှုဆောင် အစည်းအဝေးများကို အောက်ပါအတိုင်းကျင်းပသွားရမည်။
(က) ကျေးရွာအလုပ်အမှုဆောင် အစည်းအဝေး (၂)လ တကြိမ်
(ခ) မြို့နယ်အလုပ်အမှုဆောင်အစည်းအဝေး (၂)လ တကြိမ်
(ဂ) ခရိုင်အလုပ်အမှုဆောင် အစည်းအဝေး (၃)လ တကြိမ်
(ဃ)ဗဟိုအလုပ်အမှုဆောင် အစည်းအဝေး (၃)လ တကြိမ်
(င) မျက်နှာစုံညီအစည်းအဝေး (၁)နှစ်တကြိမ်

## အပိုဒ် (၂၀) အရေးပေါ်အလုပ်အမှုဆောင်အစည်းအဝေး

အဆင့်ဆင့်သော အလုပ်အမှုဆောင် ကော်မီတီအတွင်းရှိ အဖွဲ့ဝင်ဦးရေထက်ဝက်က တောင်းဆိုလျှင် ဥက္ကဋ္ဌသည် အရေးပေါ် အလုပ်အမှုဆောင်အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

## အပိုဒ် (၂၁) ညီလာခံကျင်းပခြင်း

(က) ကျေးရွာညီလာခံများကို နှစ်စဉ်တနှစ်လျှင် တကြိမ်ကျင်းပရမည်။
(ခ) မြို့နယ်နှင့် ခရိုင်ကရင်လူငယ် အစည်းအရုံးညီလာခံကို (၂)နှစ် တကြိမ် ပြုလုပ်ကျင်းပရမည်။
(ဂ) ဗဟိုအဆင့်ညီလာခံကို (၄) နှစ်တကြိမ် ပြုလုပ်ကျင်းပရမည်။

## အပိုဒ် (၂၂) အရေးပေါ်ညီလာခံကျင်းပခြင်း

အဆင့်ဆင့်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်ဦးရေထက်ဝက်ကျော်က တောင်းဆိုလာလျှင် သက်ဆိုင်ရာ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ဗဟို အသီးသီး၏ ဥက္ကဋ္ဌနှင့်အမှုဆောင်များသည် အရေးပေါ်ညီလာခံကို ခေါ်ယူကျင်းပပေးရမည်။

## အခန်း (၇)
## အစည်းအရုံး၏ ဘဏ္ဍာရေး

### အပိုဒ် (၂၃) အစည်းအရုံး၏ ဘဏ္ဍာရေးဝင်ငွေများ

ကရင်လူငယ်အစည်းအရုံး၏ ဘဏ္ဍာရေးဝင်ငွေများမှာ အောက်ပါအတိုင်းဖြစ်သည်။
(က) ဝင်ကြေးများနှင့် နှစ်စဉ်ကြေးများမှ ရရှိသည့်ဝင်ငွေ။
(ခ) အထူးကောက်ခံရရှိသော အလှူငွေနှင့် ထောက်ပံ့ငွေများ။
(ဂ) အစည်းအရုံးဝင်များ၏ အထူးသီးသန့်စီစဉ်သော လုပ်ငန်းများမှရရှိသည့်ဝင်ငွေများ။

### အပိုဒ် (၂၄) ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း

အစည်းအရုံး၏ ဝင်ကြေး၊ နှစ်စဉ်ကြေး၊ အလှူငွေနှင့် အစည်းအရုံးဝင်များ၏ အထူးသီးသန့်စီစဉ်သော လုပ်ငန်းများမှရရှိသည့် ဝင်ငွေများကို ကျေးရွာမှမြို့နယ်၊ မြို့နယ်မှခရိုင်၊ ခရိုင်မှဗဟို သို့ အဆင့်ဆင့်ရရှိသော ငွေထဲမှ (၃၀) ရာခိုင်နှုန်းပေးပို့ရမည်။

### အပိုဒ် (၂၅) ဘဏ္ဍာငွေထုတ်ယူသုံးစွဲခြင်း

(က) လူငယ်အစည်းအရုံး၏ သီးခြားဘဏ်စာရင်းတစ်ခုမှ ထားရှိရမည်။
(ခ) ဝင်ငွေကို ဘဏ္ဍာရေးမှူးထံ အပ်နှံပြီးမှသာလျှင် ထုတ်ဝေသုံးစွဲရမည်။
(ဂ) ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တဦးဦး၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူရမည်။
(ဃ)လုပ်ငန်းအကောင်အထည်ဖော်ရေးတွင် အလုပ်အမှုဆောင်ကော်မီတီ၏ သဘောတူညီချက်ဖြင့် ထုတ်ယူရမည်။

## အခန်း (၈)
## ပြင်ဆင်ခြင်းနှင့်ဖြည့်စွက်ခြင်း

### အပိုဒ် (၂၆) စည်းမျဉ်းဥပဒေများကို ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်း

(က)အစည်းအရုံး၏ ဖွဲ့စည်းပုံးစည်းမျဉ်းဥပဒေ၏ နည်းဥပဒေနှင့် ကျင့်ထုံးများတွင်ပါရှိသည့် အပိုဒ်များကို ဖြည့်စွက်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်နှင့် ပယ်ဖျက်ပိုင်ခွင့်ရှိသည်။
(ခ)အခြေခံစည်းမျဉ်းဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ထုံးများတွင်ပါရှိသည့် အပိုဒ်များကို ပြည်လုံးကျွတ်ညီလာခံ ကျင်းပ သောအခါမှသာပြင်ဆင်နိုင်သည်၊ ဖြည့်စွက်နိုင်သည်၊ ပယ်ဖျက်နိုင်သည်။
(ဂ)ပြည်လုံးကျွတ်ညီလာခံကို သတ်မှတ်ထားသည့်အတိုင်း မကျင်းပနိုင်သော အခြေအနေဖြစ်လျှင် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုလုပ်နိုင်သည်။ သို့ရာတွင် ပယ်ဖျက်ခြင်း မပြုလုပ်နိုင်။
(ဃ)ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကိုယ်စားလှယ်သုံးပုံနှစ်ပုံ တက်ရောက်မှသာလျှင် စည်းမျဉ်းဥပဒေ၊နည်းဥပဒေနှင့်ကျင့်ထုံးဥပဒေများကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုလုပ်နိုင်သည်။

## အခန်း (၉)
## ကရင်လူငယ်အစည်းအရုံး၏ နည်းဥပဒေနှင့် ကျင့်ထုံးများ

### အပိုဒ် (၂၇) အဆင့်ဆင့်သော အစည်းအရုံး၏ အလုပ်အမှုဆောင်များ ရွေးချယ်ခြင်း

(က)ကျေးရွာအလုပ်အမှုဆောင်အဖွဲ့ကို ကျေးရွာအဖွဲ့ဝင်များ၏ နှစ်ပတ်လည် ညီလာခံတွင် ကျေးရွာအဖွဲ့ဝင်ထဲမှ ရွေးကောက်ရမည်။
(ခ)မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ကို မြို့နယ် ကိုယ်စားလှယ်များ၊ သတ်မှတ်ထားသော မြို့နယ်အတွင်းရှိ ကျေးရွာ အဖွဲ့ဝင်ကိုယ်စားလှယ်များ တက်ရောက်သည့် မြို့နယ်နှစ်ပက်လည် ညီလာခံ၌ တက်ရောက်သော ကိုယ်စားလှယ်များက ရွေးကောက်ရမည်။
(ဂ)ခရိုင်အလုပ်အမှုဆောင်အဖွဲ့ကို သတ်မှတ်ထားသည့် ခရိုင်ကိုယ်စားလှယ်များ၊ မြို့နယ်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည့် ခရိုင် ညီလာခံ၌ တက်ရောက်သော ကိုယ်စားလှယ်များက ရွေးကောက်ရမည်။
(ဃ)ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကိုယ်စားလှယ်များ၊သတ်မှတ်ထားသောခရိုင်ကိုယ်စားလှယ်များ၊ ပါဝင်တက်ရောက်သည့် ပြည်လုံးကျွတ်ညီလာခံ၌ တက်ရောက်သော ကိုယ်စားလှယ်များက ရွေးကောက်ရမည်။
(င)လူငယ်အစည်းအရုံး၏လုပ်ငန်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုရှိပါက သတ်မှတ်ထားသောအသက်အပိုင်းအခြား မကျော်လွန်လျှင် အဆင့်ဆင့်သော အလုပ်အမှုဆောင်များအား ထပ်မံရွေးကောက်တင်မြှောက် ပိုင်ခွင့် ရှိသည်။

### အပိုဒ် (၂၈) အလုပ်အမှုဆောင်၏ သက်တမ်း

(က) ကျေးရွာ အလုပ်အမှုဆောင်၏ သက်တမ်းသည် (၁)နှစ်ဖြစ်သည်။
(ခ) မြို့နယ်၊ ခရိုင် အစည်းအရုံး အလုပ်အမှုဆောင်များ၏ သက်တမ်းသည် (၂) နှစ်ဖြစ်သည်။
(ဂ) ဗဟိုအလုပ်အမှုဆောင်၏ သက်တမ်းသည်(၄)နှစ်ဖြစ်သည်။

### အလုပ်အမှုဆောင်၏ တာဝန်နှင့် ဝတ္တရားများ

### အပိုဒ်(၂၉) ကျေးရွာကရင်လူငယ်အစည်းအရုံးအလုပ်အမှုဆောင်များ၏ တာဝန်နှင့် ဝတ္တရားများ

**၁။ကျေးရွာကရင်လူငယ်အစည်းအရုံး ဥက္ကဋ္ဌ၏ တာဝန်နှင့် ဝတ္တရားများ**
(က)ကျေးရွာကရင်လူငယ်အစည်းအရုံး ဥက္ကဋ္ဌသည်ကျေးရွာလူငယ်အစည်းအရုံးရှိ အသင်းဝင်များ၏ခေါင်းဆောင်ဖြစ်သည်။ အစည်းအရုံး၏ တာဝန်အဝဝကို တိုးတက်ရန် ရှေ့ဆောင်ကြီးကြပ်ကွပ်ကဲသွားရမည်။
(ခ)ကျေးရွာကရင်လူငယ်အစည်းအရုံး၏အလုပ်အမှုဆောင်အစည်းအဝေးနှင့်ကျေးရွာလူငယ်ညီလာခံများ၏သဘာပတိဖြစ်သည်။ ၄င်းသည် အရေးပေါ်ကျေးရွာအလုပ်အမှုဆောင် အစည်းအဝေးနှင့် ကျေးရွာညီလာခံကို ခေါ် ဆောင်နိုင်သည်။
(ဂ)ကျေးရွာကရင်လူငယ်အစည်းအရုံး၏ ဘဏ္ဍာရေးတာဝန်ကိုပူးတွဲထမ်းဆောင်ရမည်။ အသုံးစရိတ်ငွေများကို စနစ်တကျ ထုတ်ပေးရမည်။ ဝင်ငွေ၊ ထွက်ငွေနှင့် စာရင်းဇယားများကိုလည်း စနစ်တကျ ထားရှိရမည်။
(ဃ)မြို့နယ်လူငယ်အစည်းအရုံးမှ ပေးပို့လာသော ညွှန်ကြားချက်များကို အကောင်အထည်ဖော်ရန် ဦးစီးရှေ့ဆောင် ရမည်။
(င) မြို့နယ်သို့ ပေးပို့ရမည့်ပုံမှန်အစီရင်ခံစာများကို တာဝန်ခံပေးပို့ရမည်။

**၂။ ကျေးရွာကရင်လူငယ်အစည်းအရုံး အတွင်းရေးမှူး၏ တာဝန်နှင့် ဝတ္တရားများ**
(က)အစည်းအရုံးနှင့် ပတ်သက်သည့် လုပ်ငန်းအဝဝကို ဥက္ကဋ္ဌနှင့် တိုင်ပင်ပြီး တာဝန်ယူဆောင်ရွက်သွား ရမည်။ အစည်းအရုံးနှင့်ဆိုင်သော စာရွက်စာတမ်း၊ စာရင်းပစ္စည်း ကိရိယာများကို ကောင်းမွန်စွာ စနစ်တကျ ထိန်းသိမ်း ထားရမည်။
(ခ) ကျေးရွာလူငယ် ဥက္ကဋ္ဌမရှိစဉ် တာဝန်လွှဲအပ်ချက်အရ၊ တဖွဲ့လုံး၏ တာဝန်ဝတ္တရား များကို ဆောင်ရွက်ရမည်။
(ဂ) ကျေးရွာလူငယ်အစည်းအရုံး ဥက္ကဋ္ဌနှင့် တိုင်ပင်ပြီး အစည်းအရုံး၏ အသုံးစာရိတ်များကို စနစ်တကျ ထုတ်ယူ သုံးစွဲပိုင်ခွင့်ရှိသည်။
(ဃ) မြို့နယ်သို့ပေးပို့ရမည့် အစီရင်ခံစာများကို လိုအပ်သလို တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ရမည်။

**၃။ ကျေးရွာကရင်လူငယ် အစည်းအရုံးရေးမှူး၏ တာဝန်နှင့် ဝတ္တရားများ**

(က) လူငယ်အစည်းအရုံး၏ လုပ်ငန်းတာဝန်အဝဝကို လေ့လာသိရှိထားရမည်။

(ခ) လူငယ်အစည်းအရုံးအဖွဲ့ဝင်ဦးရေ များလာရန်အတွက် စည်းရုံးလှုပ်ဆော်ရမည်။

(ဂ) အစည်းအရုံးဝင်များ နီးကြားတက်ကြွမှုရှိစေရန် စည်းရုံးလှုပ်ဆောင်ရမည်။

(ဃ) ကျေးရွာကရင်လူငယ်အစည်းအရုံး၏ ငွေစာရင်းစစ်တာဝန်ကို ပူးတွဲထမ်းဆောင်ရမည်။

(င) ငွေစာရင်းများကို (၆)လ တကြိမ် ပုံမှန်စစ်ဆေးရမည်။

(စ) လိုအပ်ပါက ငွေစာရင်းများကို အချိန်မရွေး စစ်ဆေးပိုင်ခွင့်ရှိသည်။

**၄။ ကျေးရွာလူငယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံ၏ တာဝန်နှင့် ဝတ္တရားများ**

(က)ကျေးရွာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် လူငယ်များ တက်ကြွစွာပါဝင်ဆောင်ရွက်လာ နိုင်ရန်စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) ကျေးရွာ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးရမည်။

**၅။ ကျေးရွာကရင်လူငယ် လူမှုရေးတာဝန်ခံ၏ တာဝန်နှင့် ဝတ္တရားများ**

(က) ကျေးရွာ ဒေသအတွင်း အခြေခံကျန်းမာရေး၊ ပညာရေးလုပ်ငန်းများတွင် လူငယ်များကို ရှေ့ဆောင်ရမည်။

(ခ) ကျေးရွာဒေသအတွင်းရှိ လူငယ်အားကစားပွဲများကို သင့်တော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို လူငယ်များပိုမို သိရှိနိုင်ရန် ဖော်ထုတ်လုပ်ဆောင်ရ မည်။

## <u>အပိုဒ် (၁၀) မြို့နယ်ကရင်လူငယ်အစည်းအရုံး အလုပ်အမှုဆောင်များ၏ တာဝန်နှင့် ဝတ္တရားများ</u>

**၁။ မြို့နယ်ကရင်လူငယ် ဥက္ကဋ္ဌ၏ တာဝန်နှင့် ဝတ္တရားများ**

(က)မြို့နယ်ကရင်လူငယ်အစည်းအရုံးဥက္ကဋ္ဌသည် မြို့နယ်အစည်းအရုံးတခုလုံး၏ တာဝန်ခံခေါင်းဆောင်ဖြစ်သည်။အစည်းအရုံး၏ လုပ်ငန်းအဝဝကို ရှေ့ဆောင်ကြီးကြပ်ကွပ်ကဲသွားရမည်။

(ခ) မြို့နယ် ကရင်လူငယ်အစည်းအရုံး ဥက္ကဋ္ဌသည် မြို့နယ်အလုပ်အမှုဆောင် အစည်းအဝေးနှင့် တမြို့နယ်လုံးဆိုင်ရာ ညီလာခံများတွင် သဘာပတိဖြစ်သည်။

(ဂ) မြို့နယ်ကရင်လူငယ်အစည်းအရုံး၏ အရေးပေါ်အလုပ်အမှုဆောင် အစည်းအဝေးနှင့် ညီလာခံများကို ခေါ်ယူကျင်းပနိုင်သည်။

(ဃ)မြို့နယ်ကရင်လူငယ်အစည်းအရုံး၏ အသုံးစရိတ်ငွေများကို စနစ်တကျ တိုင်ပင်စီစဉ် ထုတ်ပေးခွင့်၊ သုံးစွဲပိုင်ခွင့်ရှိ သည်။

(င)မြို့နယ်ကရင်လူငယ်အစည်းအရုံး ဥက္ကဋ္ဌသည်အထက်အဆင့်ဆင့် အဖွဲ့အစည်းများမှ ပေးပို့သောညွှန်ကြားချက်များကို မိမိမြို့နယ်ဒေသအတွင်း အကောင်အထည်ဖော်နိုင်ရန် ဦးစီးရှေ့ဆောင်ရမည်။

(စ)မိမိလက်အောက်ရှိ ကျေးရွာလူငယ်အစည်းအရုံးများ၏ အခက်အခဲနှင့် ပြဿနာများကို သိရှိပြီး လုပ်ငန်းများတိုးတက်စေရန် ကြီးကြပ်ရမည်။ လိုအပ်သလိုညွှန်ကြားခြင်းများ ပြုလုပ်သွားရမည်။

(ဆ)မြို့နယ်ကရင်လူငယ် အစည်းအရုံးဥက္ကဋ္ဌသည်မိမိတာဝန်ရှိသော မြို့နယ်နှင့်ကျေးရွာဒေသများသို့အခြေအနေပေးအပ်သလို လှည့်လည်ပြီးအစည်းအရုံး၏ လုပ်ငန်းများကို လေ့လာစစ်ဆေးခြင်း၏ အကြံဉာဏ်ပေးခြင်းများ ပြုလုပ်ရမည်။

**၂။ မြို့နယ်ကရင်လူငယ် အတွင်းရေးမှူး၏တာဝန်နှင့်ဝတ္တရားများ**

(က)အစည်းအရုံးနှင့်ဆိုင်သောလုပ်ငန်း အဝဝကို ရှေ့ဆောင်လုပ်ကိုင်သွားရမည်။ ဥက္ကဋ္ဌနှင့်တိုင်ပင်ပြီး လုပ်ငန်းများကိုလုပ်ဆောင်ရမည်။

(ခ) အစည်းအရုံး၏စာရွက်စာတမ်းများကို စနစ်တကျ ထိန်းသိမ်းထားရမည်။

(ဂ) အစည်းအရုံး၏လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် မိမိ၏မြို့နယ်အတွင်း ဆော်သြပေးခြင်း၊ နယ်ဆင်း လေ့လာ စီစစ်ပြီး ရှေ့ဆောင်မှုပေးခြင်းများ ပြုလုပ်ရမည်။

(ဃ)လုပ်ငန်းများလုပ်ဆောင်ရာတွင် လိုအပ်သောကုန်ကျမည့်ဝင်ငွေများ၊ အသုံးငွေများအတွက် ဥက္ကဋ္ဌနှင့်တိုင်ပင်၍စနစ်တကျ ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။ လစဉ်စာရင်းများပြုလုပ်ပြီး ရုံးတွင်ထားရမည်။

**၃။ မြို့နယ်ကရင်လူငယ်စည်းရုံးရေးနှင့်ပြန်ကြားရေး တာဝန်ခံ၏တာဝန်နှင့်ဝတ္တရားများ**

(က)အစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်တို့ကို သဘောပေါက်နားလည်ရန်၊ တာဝန်ယူလေ့လာပြီး မိမိမြို့နယ်အတွင်း အစည်းအရုံးဝင်များအားလုံး သဘောပေါက်နားလည်ရန် တာဝန်ယူရှင်းလင်းဟောပြော ဆွေးနွေးရှေ့ဆောင်ရမည်။

(ခ) စည်းရုံးရေးနှင့်ပြန်ကြားရေးလုပ်ငန်းများကို မိမိမြို့နယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမည်။ အစည်းအရုံး၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ဝေဖန်သုံးသပ်ရမည်၊ ပညာပေးရမည်။

(ဂ) ခရိုင်နှင့်ဗဟိုအစည်းအရုံးမှပေးပို့သော ကြေညာချက်၊ ထုတ်ပြန်ချက်များကို လူငယ်ထုအတွင်းကျယ်ကျယ်ပြန့်ပြန့်ဝါဒဖြန့်ခြင်း၊ရှင်းလင်းလုပ်ဆောင်ခြင်းများပြုလုပ်ရမည်။

(ဃ)မိမိ၏စည်းရုံးရေး လုပ်ငန်းနှင့် ပတ်သက်၍ ခရိုင်သို့ (၃)လတကြိမ် အစီရင်ခံရမည်။ ခရိုင်မှလိုအပ်သည့် အကြံပြုချက်ကို တောင်းခံနိုင်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကိုဖော်ထုတ်သွားရမည်။

(င) နိုင်ငံတကာလူငယ် လှုပ်ရှားမှုများကိုမျက်ခြေမပြတ်လေ့လာပြီး မြို့နယ်အတွင်းရှိလူငယ်များအား နိုးကြားတက်ကြွမှုရှိစေရန်ဟောပြောရှင်းလင်းရမည်။

**၄။ မြို့နယ်လူငယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံ၏ တာဝန်နှင့်ဝတ္တရားများ**

(က)မိမိမြို့နယ်အတွင်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊လှုပ်ရှားမှုများကိုစီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) လူမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ပညာပေးရေးနှင့် အကောင်အထည်ဖော်ရေးကို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ)သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးကိုကြီးကြပ်ရမည်။

**၅။ မြို့နယ်လူငယ် လူမှုရေးတာဝန်ခံ၏ တာဝန်နှင့်ဝတ္တရားများ**

(က)ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများတွင် လူငယ်များ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်လာရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာ ပညာပေးဟောပြောပွဲများကို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) မြို့နယ်အတွင်းရှိအားကစားပွဲများကျင်းပတ်နိုင်ရန် သင့်တော်သလိုဆောင်ရွက်ပေးရမည်။

(ဃ) ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ဖေါ်ထုတ်ရေးကို တာဝန်ယူ ဆောင်ရွက် ရမည်။

**၆။ မြို့နယ်ကရင်လူငယ်အစည်းအရုံး ဘဏ္ဍာရေးမှူး၏ တာဝန်နှင့်ဝတ္တရားများ**

(က)မြို့နယ်အစည်းအရုံး၏ ဝင်ငွေ၊ ထွက်ငွေ၊ ဘဏ္ဍာငွေများနှင့် ၎င်းတို့၏စာရင်းများကို စနစ်တကျ ပြုစုထိန်းသိမ်းထားရမည်။

(ခ) မိမိမြို့နယ်အတွင်းရှိ ကျေးရွာလူငယ်အစည်းအရုံးများသို့ဆင်း၍ အစည်းအရုံး၏ဘဏ္ဍာရေးလုပ်ငန်းများ စနစ်တကျရှိရေး၊ ငွေကြေးကောက်ခံရေး၊ ခွဲဝေသုံးစွဲမှုများကို ရှေ့ဆောင်ပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ရှင်းလင်းပညာပေးခြင်းများ ပြုလုပ်ရမည်။

(ဂ)မြို့နယ်ဘဏ္ဍာရေးမှူးသည် ငွေစာရင်းရှင်းတမ်း၊ နှစ်ချုပ်ရှင်းတမ်းစသည်တို့ကို ပြုစုပြီး အမှုဆောင်အစည်းအဝေးသို့ တင်ပြ အတည်ပြုခြင်း၊ အထက်အစည်းအရုံးသို့အစီရင်ခံခြင်း စသည်တို့ကို ပြုလုပ်ရမည်။ နှစ်စဉ်အစည်းအရုံး၏ လိုအပ်ချက်၊ ခန့်မှန်းခြေစာရင်းများ နှင့် အသုံးစရိတ်များကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် တိုင်ပင်ပြီးရေးဆွဲပြုစုရမည်။မြို့နယ်အစည်းအရုံး၏ လစဉ်ငွေစာရင်းရှင်းတမ်းကိုပြုလုပ်ပြီး အဖွဲ့အစည်းသို့အစီရင်ခံရမည်။

**၇။ မြို့နယ်ကရင်လူငယ် အစည်းအရုံးစာရင်းစစ်၏ တာဝန်နှင့်ဝတ္တရားများ**

(က) ငွေစာရင်းများကို (၃)လ တကြိမ်ပုံမှန်စစ်ဆေးရမည်။

(ခ) လိုအပ်ပါက ငွေစာရင်းများကို အချိန်မရွေး စစ်ဆေးပိုင်ခွင့်ရှိသည်။

(ဂ) ဘဏ္ဍာရေးမှူး၏ ငွေစာရင်းဇယားဆိုင်ရာ လုပ်ငန်းများကို လိုအပ်သလို ကူညီဆောင်ရွက်ပေးရမည်။

(ဃ)စစ်ဆေးပြီးသောငွေစာရင်းများကိုအလုပ်မှုဆောင်ကော်မီတီသို့တင်ပြရမည်။

## အပိုဒ် (၁၁) ခရိုင်ကရင်လူငယ်အစည်းအရုံးအမှုဆောင်များ၏ တာဝန်နှင့်ဝတ္တရားများ

**၁။ ခရိုင်လူငယ် ဥက္ကဋ္ဌ၏ တာဝန်နှင့်ဝတ္တရားများ**

(က)ခရိုင်ကရင်လူငယ်အစည်းအရုံး၏ အမြင့်ဆုံးတာဝန်ခံ ခေါင်းဆောင်ဖြစ်သည်။

(ခ) ခရိုင်တစ်ခုလုံး၏အစည်းအရုံးလုပ်ငန်းအဝဝကို တိုးတက်အောင် ရှေ့ဆောင်ကြီးကြပ်ကွတ်ကဲသွားရမည်။

(ဂ) ခရိုင်အလုပ်အမှုဆောင်အစည်းအဝေးနှင့် ခရိုင်ညီလာခံတွင် သဘာပတိဖြစ်သည်။

(ဃ)ခရိုင်ကရင်လူငယ်အစည်းအရုံး၏ အရေးပေါ်အစည်းအဝေးနှင့် အရေးပေါ်ညီလာခံကို ခေါ်ဆိုကျင်းပနိုင်သည်။

(င) ခရိုင် ကရင်လူငယ်အစည်းအရုံးအတွက် အသေးသုံးစာရင်းငွေများကို ထုတ်ယူသုံးစွဲနိုင်ခွင့်ရှိသည်။

(စ)ဗဟိုလူငယ်အစည်းအရုံးမှ ပေးပို့သော ညွှန်ကြားချက်များကို ခရိုင်အတွင်းရှိမြို့နယ်များမှ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ညွှန်ကြား အရေးယူဆောင်ရွက်ရမည်။

(ဆ)ခရိုင်အတွင်းရှိ မြို့နယ်များသို့ သွားရောက်ရှေ့ဆောင် ကူညီဆောင်ရွက်ရန်၊ ခရိုင်အမှုဆောင်များကို တာဝန် ခွဲဝေသတ်မှတ်ပေးရမည်။

(ဇ) ခရိုင်လူငယ်အစည်းအရုံး ဒု ဥက္ကဋ္ဌအား တာဝန်လုပ်ငန်းများ ခွဲဝေပေးရမည်။

(ဈ) ခရိုင်အခြေအနေ အပြည့်အစုံ ကို ဥက္ကဋ္ဌမှတာဝန်ခံ၍ ဗဟိုသို့ အစီရင်ခံစာ ပေးပို့ရမည်။

**၂။ ခရိုင်လူငယ် ဒုဥက္ကဋ္ဌ၏ တာဝန်နှင့် ဝတ္တရားများ**

(က)ခရိုင်လူငယ် ဥက္ကဋ္ဌနှင့် ခွဲဝေယူထားသော တာဝန်များကို ဆောင်ရွက်ရမည်။

(ခ) ဥက္ကဋ္ဌနာမကျန်းဖြစ်ခဲ့သော်(သို့) မရှိချိန်ကာလဖြစ်ခဲ့သော် ဒု ဥက္ကဋ္ဌမှ ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ရမည်။

(ဂ)ဒု ဥက္ကဋ္ဌသည် ဥက္ကဋ္ဌနှင့် တိုင်ပင်ပြီး မိမိ ခရိုင်အစည်းအရုံး လုပ်ငန်းများ တိုးတက်ရေးအတွက် နယ်လှည့်၍ အခြေအနေများ လေ့လာစစ်ဆေး အကြံဉာဏ်ပေးခြင်းများ ပြုလုပ်သွားရမည်။

(ဃ) လုပ်ငန်းတာဝန်အရ လိုအပ်သော ငွေကြေးများအတွက် ဥက္ကဋ္ဌနှင့် တိုင်ပင်၍ ထုတ်ယူ သုံးစွဲပိုင်ခွင့်ရှိသည်။

**၃။ ခရိုင်လူငယ်အတွင်းရေးမှူး၏ တာဝန်နှင့် ဝတ္တရားများ**

(က)အစည်းအရုံး၏ လုပ်ငန်းများ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရေးအတွက် ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌ တို့နှင့် ညှိနှိုင်းတိုင်ပင် လုပ်ဆောင်ရမည်။

(ခ) ခရိုင်လူငယ်တွဲဘက်အတွင်းရေးမှူးအား တာဝန်များ ခွဲဝေပေးရမည်။

(ဂ) အစည်းအရုံးနှင့် ပတ်သက်သော စာရွက်စာတမ်းများကို စနစ်တကျ ထိန်းသိမ်းထားရမည်။

(ဃ)လုပ်ငန်း တိုးတက်အောင်မြင်စေရန်၊ နယ်ဆင်း၍ ရှေ့ဆောင်ရမည်။ အကြံဉာဏ်များပေးခြင်း၊ လှုပ်ဆော်ပေးခြင်းများ  လုပ်ဆောင်ပေးရမည်။

(င) လုပ်ငန်းများ လုပ်ဆောင်ရာတွင် လိုအပ်သည့် ကုန်ကျငွေများကို မိမိ၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် တိုင်ပင်ပြီး ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။

(စ)  မိမိခရိုင်အတွင်းရှိ အခြေအနေများကို ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌတို့နှင့် တိုင်ပင်ပြီး အစီရင်ခံစာ ရေးရမည်။

**၄။ ခရိုင်လူငယ်တွဲဘက်အတွေင်းရေးမှူး၏ တာဝန်နှင့်ဝတ္တရားများ**

(က) ခရိုင်လူငယ်အတွင်းရေးမှူးနှင့်တိုင်ပင်၍ လုပ်ငန်းတာဝန်များကိုတွဲဖက်၍လည်းကောင်း၊ ခွဲဝေ၍လည်းကောင်း လုပ်ဆောင်သွားရမည်။

(ခ)  အတွင်းရေးမှူး မရှိချိန်တွင် အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များကို တာဝန်ယူ လုပ်ဆောင်ရမည်။

(ဂ)  တွဲဘက်အတွင်းရေးမှူးသည် အထက်မှ ညွှန်ကြားချက်များကို အကောင်အထည်ဖော်ရန်အတွက် မိမိခရိုင်အတွင်းရှိ မြို့နယ်များသို့ ဆင်း၍ အကြံပေးရှေ့ဆောင်ခြင်းများ ပြုလုပ်ရမည်။

**၅။ ခရိုင်လူငယ် စည်းရုံးရေးနှင့် ပြန်ကြားရေး တာဝန်နှင့် ဝတ္တရားများ**

(က)မိမိခရိုင်အတွင်ရှိ လူငယ်များနိုင်ငံရေးအမြင်၊တော်လှန်ရေးအသိနိုးကြားတက်ကြွမှုရှိစေရန် ဟောပြောခြင်း၊ စည်းရုံးလှုပ်ဆော်ခြင်းများ ပြုလုပ်ရမည်။

(ခ) မိမိခရိုင်အတွင်းရှိ လူငယ်လှုပ်ရှားမှုများ၏ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးတင်ပြရမည်။

(ဂ) ခရိုင်အတွင်းရှိ မြို့နယ်ဒေသများသို့ဆင်းပြီး မြို့နယ်တာဝန်ခံများနှင့် တွဲဖက်၍ စည်းရုံးရေးလုပ်ငန်းများကို ပြုလုပ်ခြင်း၊ လူငယ်များအား

ဟောပြောပညာပေးခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ရှေ့ဆောင်ခြင်းများ ပြုလုပ်ရမည်။
(ဃ)ဗဟိုမှပေးပို့သော ကျေညာချက်၊ ထုတ်ပြန်ချက်များကို ကိုယ်တိုင်နယ်ဆင်း၍ ရှင်းလင်းဟောပြောရမည်။
(င) မိမိခရိုင်၏ စည်းရုံးရေးနှင့် ပြန်ကြားရေး လုပ်ငန်းများကို ဗဟိုသို့အစီရင်ခံရမည်။

**၆။ ခရိုင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးရေးတာဝန်ခံ၏ တာဝန်နှင့် ဝတ္တရားများ**
(က) မိမိခရိုင်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ရှားမှုဆိုင်ရာ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများကို စီစဉ်ဆောင်ရွက်ပေးရမည်။
(ခ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်စီစဉ်ဆောင်ရွက်ရမည်။
(ဂ) မိမိခရိုင်အတွင်း လိုအပ်လျှင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အဖွဲ့များ ကို ဖွဲ့စည်းနိုင်သည်။
(ဃ)သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်မှု ကို ဦးဆောင်ကြီးကြပ်ရမည်။

**၇။ ခရိုင်လူမှုရေးတာဝန်ခံ၏ တာဝန်နှင့် ဝတ္တရားများ**
(က) မိမိခရိုင်အတွင်းရှိ မြို့နယ်များ၏ စာတတ်မြောက်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရမည်။
(ခ) မိမိခရိုင်အတွင်းရှိ မြို့နယ်များတွင် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲများ၊ သင်တန်းများ၊ ဆွေးနွေးပွဲ များကို စီစဉ်ဆောင်ရွက်ပေးရမည်။
(ဂ) မိမိခရိုင်အတွင်း အားကစားပွဲများ ကျင်းပနိုင်ရန် သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။
(ဃ) မိမိခရိုင်အတွင်း လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ဗဟိုလူငယ် အစည်းအရုံးနှင့်တိုင်ပင်ပြီး သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးနိုင်သည်။
(င) မိမိရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက် ဖော်ထုတ်ရေးကို တာဝန်ယူကြီးကြပ် ဆောင်ရွက်ရမည်။

**၈။ ခရိုင်လူငယ်ဘဏ္ဍာရေးမှူး၏ တာဝန်နှင့် ဝတ္တရားများ**
(က) ခရိုင်အစည်းအရုံး၏ ဝင်ငွေ/ထွက်ငွေ၊ ဘဏ္ဍာငွေများနှင့် ၄င်းတို့၏ စာရင်းများကို စနစ်တကျ ပြုစုထိန်းသိမ်း ထားရမည်။
(ခ) မိမိ၏ခရိုင်အတွင်းရှိ မြို့နယ်နှင့် ကျေးရွာလူငယ် အစည်းအဦးများသို့ဆင်း၍ အစည်းအရုံး၏ ဘဏ္ဍာရေးလုပ် ငန်းများစနစ်တကျရှိရေး၊ ငွေကြေးကောက်ခံရေး၊ ခွဲဝေ သုံးစွဲရေးများကို လေ့လာ စီစစ် ရှေ့ဆောင်ပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ရှင်းလင်းပညာပေးခြင်းများပြုလုပ်ရမည်။
(ဂ) ငွေစာရင်း ရှင်းလင်းတမ်းများကို အမှုဆောင်အစည်းအဝေးများတွင် တင်ပြဆွေးနွေးယူ အတည်ပြုရမည်။ အထက် အဖွဲ့အစည်းသို့ (၃) လ တကြိမ် အစီရင်ခံရမည်။

**၉။ ခရိုင်လူငယ်စာရင်းစစ်၏ တာဝန်နှင့် ဝတ္တရားများ**
(က) ငွေစာရင်းများကို (၃)လတကြိမ် ပုံမှန်စစ်ဆေးရမည်။
(ခ) လိုအပ်ပါက ငွေစာရင်းများကို အချိန်မရွေး စစ်ဆေးပိုင်ခွင့်ရှိသည်။
(ဂ) ဘဏ္ဍာရေးမှူ၏ ငွေစာရင်းဇယားဆိုင်ရာ လုပ်ငန်းများကို လိုအပ်သလို ကူညီဆောင်ရွက်ပေးရမည်။
(ဃ)စစ်ဆေးပြီးစီးသောငွေစာရင်းရှင်းတမ်းများကိုအလုပ်မှုဆောင်ကော်မီတီသို့အစီရင်ခံတင်ပြရမည်။

## <u>အပိုဒ် (၃၂) ဗဟိုကရင်လူငယ်အစည်းအရုံး အမှုဆောင်အသီးသီး၏ တာဝန်နှင့် ဝတ္တရားများ</u>

**၁။ ဗဟိုလူငယ်ဥက္ကဋ္ဌ၏ တာဝန်နှင့် ဝတ္တရားများ**
(က)ကရင်လူငယ် အစည်းအရုံးအဆင့်ဆင့်၏ အမြင့်ဆုံးခေါင်းဆောင်ဖြစ်သည်။ ဗဟိုအစည်းအရုံး၏ လုပ်ငန်းအားလုံးကို ရှေ့ဆောင်၍ တိုးတက်အောင်မြင်စေရန် ကြီးကြပ်ကွပ်ကဲသွားရမည်။
(ခ) ဗဟိုလူငယ်အလုပ်အမှုဆောင်အစည်းအဝေးနှင့်ဗဟိုလူငယ်ညီလာခံများ၏ သဘာပတိဖြစ်သည်။
(ဂ) ဗဟိုလူငယ် အလုပ်အမှုဆောင် အရေးပေါ်အစည်းအဝေးနှင့် ဗဟိုလူငယ် အရေးပေါ်ညီလာခံများကို ခေါ်ဆိုနိုင်သည်။

(ဃ)အဆင့်ဆင့်သော ကရင်လူငယ်အစည်းအရုံးလုပ်ငန်းများတိုးတက်အောင်မြင်ရေးအတွက် တာဝန်ယူအကောင်အထည်ဖေါ်ဆောင်ရွက်ရမည်။
(င)ပြည်တွင်းပြည်ပမှ အခြားလူငယ်အစည်းအစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ပူပေါင်းလုပ်ကိုင်သောလုပ်ငန်းများတွင်တာဝန်ယူလုပ်ဆောင်ရမည်။
(စ) ဗဟိုလူငယ်အစည်းအရုံးဥက္ကဌသည် ဗဟိုလူငယ်အစည်းအရုံး ဒု–ဥက္ကဌ အားတာဝန်များခွဲဝေပေးရမည်။
(ဆ) မိခင်အဖွဲ့အစည်း၏ စည်းရုံးရေးဌါန နှင့် အပြန်အလှန်ဆက်သွယ်မှုရှိရမည်။
(ဇ)ကရင့်တော်လှန်ရေး၏ လုပ်ငန်းလမ်းစဉ်များကို နားလည်သဘောပေါက် လက်ခံရမည်။
(ဈ) ဗဟိုလူငယ် အစည်းအရုံးလုပ်ငန်း၏ အသေးသုံးငွေ ထုတ်ယူသုံးစွဲခွင့်ရှိသည်။

## ၂။ ဗဟိုကရင်လူငယ်အစည်းအရုံး ဒု–ဥက္ကဌ၏ တာဝန်နှင့် ဝတ္တရားများ

(က) ဥက္ကဌနှင့် ခွဲဝေယူထားသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရမည်။
(ခ) ဥက္ကဌနာမကျန်းဖြစ်ခြင်း၊ အကြောင်းတခုခုကြောင့် မရှိခဲ့သော် ဒု–ဥက္ကဌသည် ဥက္ကဌ၏ လုပ်ငန်းတာဝန်များကို တာဝန်ယူလုပ်ဆောင်သွားရမည်။
(ဂ) ဒု–ဥက္ကဌသည် ဥက္ကဌနှင့်တိုင်ပင်ပြီး ဗဟိုအစည်းအရုံး၏ လုပ်ငန်းများကို အကောင်အထည်ဖေါ်နိုင်ရေးအတွက် ခရိုင်နှင့်မြို့နယ်များသို့ လှည့်လည်ကာ အခြေအနေများကို လေ့လာစစ်ဆေးခြင်း၊ လိုအပ်သော အကြံဉာဏ်များပေး ခြင်း စသည်တို့ကို ရှေ့ဆောင်ရမည်။
(ဃ) လုပ်ငန်းတာဝန်အရ လိုအပ်သောငွေကြေးများအတွက် ဥက္ကဌနှင့်တိုင်ပင်၍ ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။

## ၃။ ဗဟိုလူငယ်အစည်းအရုံးအတွင်းရေးမှူး၏ တာဝန်နှင့် ဝတ္တရားများ

(က) အစည်းအရုံး၏ လုပ်ငန်းတိုးတက်အောင်မြင်ရေးအတွက် ဥက္ကဌများ နှင့်တိုင်ပင်ပြီး လိုအပ်သလိုဆောင်ရွက်ရမည်။
(ခ) အစည်းအရုံး၏ နေ့စဉ်လုပ်ငန်းများကို ရှေ့ဆောင်လုပ်ကိုင်ရမည်။ လိုအပ်သလို ခရိုင်များသို့ ညွှန်ကြားမှုပေးရမည်။
(ဂ) အစည်းအရုံး၏ ထုတ်ပြန်ကြေညာချက်၊ ပြန်တမ်း၊ သဝဏ်လွှာများကို ကြိုတင်ပြင်ဆင်ပြီး ဥက္ကဌ၊ အလုပ်အမှုဆောင်များနှင့် ညှိနှိုင်း၍ ထုတ်ပြန်သွားရမည်။
(ဃ) မိခင်အစည်းအရုံး၏ စည်းရုံးရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်ရမည်။
(င) အစည်းအရုံး၏ အဖွဲ့ဝင်စာရင်းများ၊ အမှုဆောင်များ၏ စာရင်းများနှင့် ငွေစာရင်းများကို စနစ်တကျ စီစဉ်ထားရှိရမည်။
(စ) လုပ်ငန်းပိုင်းဆိုင်ရာ အသေးသုံးငွေ သုံးစွဲရန် ခွင့်ပြုပိုင်ခွင့်ရှိသည်။

## ၄။ ဗဟိုလူငယ်အစည်းအရုံးရေးတွဲဘက်အတွင်းရေးမှူး၏ တာဝန်နှင့်ဝတ္တရားများ

(က) ဥက္ကဌများနှင့် အတွင်းရေးမှူးတို့၏ ပေးအပ်သောတာဝန်များကိုဆောင်ရွက်ရမည်။
(ခ) မိခင်အစည်းအရုံး၏ သဘောထားများ၊ ကြေညာချက်များ၊ ထုတ်ပြန်ချက်များ ကို မိမိလူငယ်ထုအတွင်း နားလည် သဘောပေါက်ရန် စည်းရုံးလှုပ်ဆော်ရမည်။
(ဂ) အတွင်းရေးမှူးမကျန်းမာလျှင်၊ မရှိသောအချိန်ကာလတွင် အတွင်းရေးမှူး၏ တာဝန်များကို တွဲဘက်အတွင်းရေးမှူးမှ တာဝန်ယူ လုပ်ဆောင်ရမည်။

## ၅။ ဗဟိုလူငယ်အစည်းအရုံးတွဲဖက်အတွင်းရေးမှူး (၂) တာဝန်နှင့်ဝတ္တရားများ

(က) အလုပ်အမှုဆောင်ကော်မီတီမှ ခန့်အပ်ထားသောတာဝန်များကို အကောင်အတည်ဖေါ်ဆောင်ရွက်သွားရမည်။
(ခ ) အတွင်းရေးမှူးနှင့်တိုင်ပင်၍လုပ်ငန်းဆိုင်ရာများကိုအကောင်အထည်ဖေါ်ဆောင်ရွက်နိုင်သည်။
(ဂ) တွဲဘက်အတွင်းရေးမှူး(၁)မကျန်းမာလျှင်၊ မရှိသောအချိန်ကာလတွင် တွဲဘက်အတွင်းရေးမှူး(၁)၏ တာဝန်များကို တွဲဘက်အတွင်းရေးမှူးမှ တာဝန်ယူ လုပ်ဆောင်ရမည်။
(ဃ)ဒုက္ခသည်စခန်းအတွင်းရှိကရင်လူငယ်ရေးရာများလည်းတာဝန်ယူရမည်။

**၆။ ဗဟိုလူငယ်အစည်းအရုံးရေးနှင့် ပြန်ကြားရေးတာဝန်ခံ၏ တာဝန်နှင့် ဝတ္တရားများ**

(က)အစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းများကို နားလည်သဘောပေါက် လက်ခံထားရမည်။

(ခ) မိခင် အစည်းအရုံး၏ သဘောထားများ၊ ကြေညာချက်များ၊ ထုတ်ပြန်ချက်များကို မိမိ လူငယ်ထုအတွင်း နားလည် သဘောပေါက်ရန် စည်းရုံးလှုပ်ဆော် ရမည်။

(ဂ) မိမိ အစည်းအရုံး၏ ရည်ရွယ်ချက်များ နှင့် လုပ်ငန်းများကို အောက်ခြေ အဆင့်ဆင့်မှ နားလည် သဘောပေါက်ရန် စည်းရုံးလှုပ်ဆော် ပညာပေးရမည်။

(ဃ) ခရိုင်၊ မြို့နယ်၊ ကျေးရွာများသို့ဆင်း၍ စည်းရုံးရေးလုပ်ငန်းများကို လူငယ်ထုအတွင်း လိုအပ်သလို အကြံပြုရှေ့ ဆောင်ရမည်။

(င)  မိခင်အစည်းအရုံးရေးဌါနနှင့် ဆက်သွယ်မှုအမြဲရှိနေရမည်။

(စ)ကရင်လူငယ်များ မျိုးချစ်စိတ်ဓါတ် နိုးကြား တက်ကြွမှုရှိစေရန် သင်တန်းများ ဖွင့်ပေးနိုင်ရေး၊ တက်ရောက်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဆ)တိုင်းရင်းသား လူငယ်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ၊ အောင်မြင်မှုများကိုလေ့လာ၍မိမိလူငယ်အစည်းအရုံးနှင့် ဆက်စပ်မှုရရှိစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

**(၇)ဗဟိုလူငယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံ၏ တာဝန်နှင့် ဝတ္တရားများ**

(က)ကရင်လူငယ်များအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် သင်တန်းများဖွင့်လှစ်ပေးရေးနှင့် တက်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ)အခြားသောသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် လိုအပ်သလို ဆက်သွယ်ဆောင် ရွက်ကာ မိမိလူငယ်များ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရေးအတွက် အမှုဆောင်များနှင့် တိုင်ပင်ညှိနှိုင်းကာ တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) မြို့နယ် နှင့် ခရိုင်အတွင်းရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် လူမှု ဖွံ့ဖြိုးရေး လုပ်ငန်းများ  အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် ရှေ့ဆောင်လမ်းညွှန်မှုပေးရမည်။

**(၈)ဗဟိုလူငယ် လူမှုရေးတာဝန်နှင့်ဝတ္တရားများ**

(က)ကရင်လူငယ်များ၏ အသိပညာ ဗဟုသုတဖွံ့ဖြိုးရေး၊ စာရိတ္တမြင့်မားရေးဆိုင်ရာ ပညာပေးအစီအစဉ်များကိုပြုလုပ်ပေးရမည်။

(ခ) မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေးအစီအစဉ်များကို အကောင်အထည်ဖေါ်လုပ်ဆောင်ရမည်။

(ဂ) အဆင့်ဆင့်သော အစည်းအရုံးဝင်၏ အားကစားနှင့်ကာယ ဖွံ့ဖြိုးတိုးတက်ရးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ)ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်းငန်းများတွင် လူငယ်များ တက်တက်ကြွကြွ လုပ်ဆောင်နိုင်ရန်ဦးဆောင်ဦးရွက် ပေးရမည်။

**(၉)ဗဟိုလူငယ်အစည်းအရုံးမဟာမိတ်၏တာဝန်နှင့်ဝတ္တရားများ**

(က)အလုပ်အမှုဆောင် ကော်မီတီမှ ဆုံးဖြတ်ချမှတ်ထားသော မဟာမိတ်ရေးရာနှင့် ပါတ်သက်သော ကိစ္စရပ်များကို အကောင်အထည်ဖေါ် ဆောင်ရွက်ရမည်။

(ခ)မဟာမိတ်ရေးရာကိစ္စများ ဆောင်ရွက်ရာတွင် အရေးကိစ္စတခုခုပေါ်ပေါက်ပါက အလုပ်အမှုဆောင်ကော်မီတီ၏ ခွင့်ပြုချက်ရယူပြီးမှ သာ ဆောင်ရွက်နိုင်သည်။

(ဂ)မဟာမိတ်ရေးရာနှင့်ပါတ်သက်သောအစီရင်ခံစာကို(၃)လတကြိမ်ပြုစု၍အစည်းအဝေးသို့ တင်ပြရမည်။

*(ဃ)*မဟာမိတ်အဖွဲ့ အစည်းများနှင့်ပုံမှန်ဆက်သွယ်မှုပြုလုပ်ရမည်။

**၁၀။ ဗဟိုလူငယ် ဘဏ္ဍာရေးမှူး၏ တာဝန်တ္တရားများ**

(က) ဗဟိုတခုလုံးအတွက်ဝင်ငွေ/ထွက်ငွေ စာရင်းဇယားများကို စနစ်တကျ ထားရှိရမည်။

(ခ) လစဉ်နှင့် နှစ်ချုပ်ငွေစရင်းရှင်းတမ်းများပြုလုပ်ပြီး အဆင့်ဆင့် သက်ဆိုင်ရာသို့ငှင်းရှင်းတမ်းများ ပေးပို့ရမည်။

(ဂ) အောက်ခြေအဆင့်ဆင့် ငွေစာရင်းကိုင်နည်းသုံးစွဲနည်း စသည်တို့ကို စနစ်တကျ ဖြစ်စေရေးအတွက်ညွှန်ကြားမှုများပြုလုပ်ရမည်။ လိုအပ်ပါက ကိုယ်တိုင်နယ်ဆင်း၍အကြံညဏ်ပေး ရှေ့ဆောင်ရမည်။

**၁၁။ ဗဟိုလူငယ်စာရင်းစစ်၏ တာဝန်နှင့်ဝတ္တရားများ**

(က) ငွေစာရင်းများကို(၃)လတကြိမ် ပုံမှန်စစ်ဆေးရမည်။
(ခ) လိုအပ်ပါက ငွေစာရင်းများကို အချိန်မရွေး စစ်ဆေးပိုင်ခွင့်ရှိသည်။
(ဂ) ဘဏ္ဍာရေးမှူး၏ ငွေစာရင်းဇယားဆိုင်ရာလုပ်ငန်းများကို လိုအပ်သလိုကူညီဆောင်ရွက်ပေးရမည်။
(ဃ) စစ်ဆေးပြီးသောငွေစာရင်းများကိုအလုပ်မှုဆောင်ကော်မီတီသို့တင်ပြရမည်။

## အပိုဒ် (၃၃) အဖွဲ့ဝင်များအားချီးမြှင့်ခြင်း

(က)ကရင်လူငယ် အစည်းအရုံးဝင်တဦးသည် ၎င်း၏တာဝန်ကို ထူးချွန်စွာဆောင်ရွက်နိုင်မှုအတွက် ကရင်လူငယ် အစည်းအရုံးမှချီးမြှင့်မည်။
(ခ) ချီးမြှင့်ခြင်း နှင့် ပတ်သက်၍ ကရင်လူငယ်အစည်းအရုံး (ဗဟို) မှလေ့လာစီစစ်ပြီး ကရင်လူငယ် အစည်းအရုံး ကွန်ကရက်၊ကရင်လူငယ် အစည်းအရုံးနေ့တွင် ချီးမြှင့်မည်။(သို့မဟုတ်) သင့်တော်သော နေ့ကြီးရက်ကြီး၏ အခမ်းအနားတွင်ချီးမြှင့်မည်။

## အပိုဒ်(၃၄) အပြစ်ပေးအရေးယူခြင်း

အစည်းအရုံးဝင် တဦးသည် လူငယ်အစည်းအရုံး၏ လိုက်နာဆောင်ရွက်ရမည့် တာဝန် ဝတ္တရားများ ပျက်ကွက်လျှင် (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်လျှင် ၎င်း၏ အခြေခံအဖွဲ့အစည်းမှသက်ဆိုင်ရာ အလုပ်အမှုဆောင် ကော်မီတီသို့ အရေးယူရန် တင်ပြရမည်။ ယင်းတင်ပြချက်အတွက် သက်ဆိုင်ရာ အလုပ်အမှုဆောင်များ မှ အရေးယူ စုံစမ်းစစ်ဆေးပြီး မှန်ကန်ကြောင်း တွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က)ဆွေးနွေးပညာပေးခြင်း။
(ခ)သတိပေးခြင်း။
(ဂ)အဖွဲ့အစည်းမှ ထုပ်ပယ်ခြင်းများပြုလုပ်နိုင်သည်။

အလုပ်အမှုဆောင်များဖြစ်ပါက

(က)ဆွေးနွေးပညာပေးခြင်း။
(ခ)သတိပေးခြင်း။
(ဂ)အမှုဆောင်တာဝန်မှ ရပ်စဲခြင်း
(ဃ)အဖွဲ့အစည်းမှ ထုတ်ပယ်ခြင်းများပြုလုပ်နိုင်သည်။

## အပိုဒ် (၃၅) အဖွဲ့ဝင်အဖြစ်ပြန်လည်လက်ခံခြင်း

(က)အဖွဲ့အစည်းမှ ထုတ်ပယ်ခြင်းခံရသော အဖွဲ့ဝင်တဦးသည် သက်ဆိုင်ရာအလုပ်အမှုဆောင် ကော်မီတီတဦးဦး၏ထောက်ခံချက်ဖြင့် အဖွဲ့ဝင် ဖြစ်ရန်ပြန်လည်လျှောက်ထားရမည်။
(ခ) သက်ဆိုင်ရာ အလုပ်အမှုဆောင်ကော်မီတီများ၏ သုံးပုံနှစ်ပုံ၏သဘောတူညီချက်ဖြင့်သာပြန်လည်လက်ခံရမည်။

## အပိုဒ် (၃၆) ကရင်အမျိုးသားအစည်းအရုံးနှင့်ဆက်သွယ်ခြင်း

ကရင်လူငယ်အစည်းအရုံး ဗဟို၊ ခရိုင်၊မြို့နယ်၊ကျေးရွာအဆင့်ဆင့်တို့သည် မိမိတို့၏အဖွဲ့လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရာတွင် ပြေပြစ်လွယ်ကူစေရန်အတွက် မိခင်အစည်းအရုံး၏ ဗဟို၊ ခရိုင် မြို့နယ်၊ကျေးရွာအဆင့်ဆင့်များ နှင့် အပြန်အလှန်ဆက်သွယ် လုပ်ဆောင်သွားရမည်။